# နိုင်ငံသားစီစစ်ရေးဖောင်ပုံစံကို ၃၁ ရက် မတ်လ နောက်ဆုံးပေးပို့ရန် နောက်ဆုံး ထုတ်ပြန်ချက်

ထိုင်းနိုင်ငံအစိုးရ အလုပ်သမားရှာဖွေရေးဌာနမှကော်မတီဝင်များ၏ နောက်ဆုံးထုတ်ပြန်ချက်အရ နိုင်ငံသားစီစစ်ရေးဖောင် **ပုံစံမတင်ရသေးသူ** မြန်မာရွှေ့ပြောင်း အလုပ်သမားများအတွက် ဖေဖော်ဝါရီလ ၂၈ ရက် ၂၀၁၀ နောက်ဆုံးပေးပို့ရမည့်အစား ၃၁ ရက် မတ်လ ၂၀၁၀ အထိ တစ်လထက်မံတိုးမြင့်ပေးလိုက်ပါသည်။ (နိုင်ငံသားစီစစ်ရေးဖောင်ကို အလုပ်သမားရှာဖွေရေးရုံး၌ ရရှိနိုင်သည်) အကယ်၍ နိုင်ငံသားစီစစ်ရေးဖောင်ပုံစံကို ၃၁ ရက် မတ်လ ၂၀၁၀ ထက်နောက်ကျ၍ လာရောက်ပေးပို့သော အလုပ်သမားကဒ် သက်တမ်းတိုးမည့် မြန်မာ ရွှေ့ပြောင်းအလုပ်သမားများကို နောက်နှစ်အတွက် သက်တမ်းတိုးပေးမည် မဟုတ်ကြောင်း တရားဝင် ကြေငြာ လိုက်ပါသည်။

ရွှေ့ပြောင်းအလုပ်သမားကဒ် သက်တမ်းတိုးခြင်းကိုမူ ယခင်ကြေငြာထားသည့်အတိုင်း ၂၈ ရက် ဖေဖော်ဝါရီလ ၂၀၁၀ အတွင်းသာ လာရောက်လျှောက်ထားသူများအား သက်တမ်းတိုးပေးမည် ဖြစ်သည်။

မူရင်းဘာသာမှ ဘာသာပြန်သူ
စိုင်းစိုး